ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# ဝင်ငွေခွန်စည်းမျဉ်းများ

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ အထိ ပြင်ဆင်ပြီး

# ဝင်ငွေခွန်စည်းမျဉ်းများ
## မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁ မှ ၂ | အမည်၊အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂ | ၃ | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအားစည်းကြပ်ခြင်း | ၂-၄ |
| ၃ | ၄ | သမဝါယမအသင်းများအားစည်းကြပ်ခြင်း | ၄-၅ |
| ၄ | ၅ | အယူခံခြင်း | ၆-၈ |
| ၅ | ၆ | လုပ်ငန်းရပ်စဲသူနှင့်စပ်လျဉ်း၍အခွန်စည်းကြပ်ရန် နည်းလမ်းများ | ၈-၉ |
| ၆ | ၇ မှ ၈ | နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိသူအားစည်းကြပ်ခြင်း | ၉-၁၂ |
| ၇ | ၉ | ယာယီစည်းကြပ်မှုပြုလုပ်ခြင်း | ၁၂-၁၃ |
| ၈ | ၁၀ | အခွန်ထမ်း၏ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခွင့်ရှိသူများ | ၁၃-၁၅ |
| ၉ | ၁၁ | စည်းကြပ်ရာဒေသသတ်မှတ်ခြင်း | ၁၅-၁၇ |
| ၁၀ | ၁၂ | မြန်မာနိုင်ငံမှထွက်ခွာသွားမည့်သူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ | ၁၇-၂၀ |
| ၁၁ | ၁၃ | တန်ဖိုးလျော့ခွင့်ပြုငွေ | ၂၀-၃၀ |
| ၁၂ | ၁၄ | ဝင်ငွေရရှိသည့်အချိန်၌နုတ်ယူပေးသွင်းရန်နည်းလမ်းများ နှင့်အခွန်ကိုကြိုတင်ပေးဆောင်ရန်နည်းလမ်းများ | ၃၀-၃၃ |
| ၁၃ | ၁၅ မှ ၁၇ | အထွေထွေ | ၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ဝန်ကြီးရုံး

**<u>အမိန့်ကြော်ငြာစာ</u>**

အမှတ်၊ ၁၀၃ / ၂၀၁၂

နေပြည်တော်၊ ၁၃၇၃ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၂ ခုနှစ် ၊ မတ်လ ၁၅ ရက်)

[*]စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ စည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း ၁

## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤစည်းမျဉ်းများကို ဝင်ငွေခွန်စည်းမျဉ်းများဟု ခေါ်တွင်စေရမည်။

[**](ခ) ဤစည်းမျဉ်းများသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤစည်းမျဉ်းများတွင်ပါရှိသော စကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် ဝင်ငွေခွန်နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည့်အပြင် ညွှန်ကြားရေးမှူးချုပ်ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

---

[*]နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ အမည်ပြောင်းလဲသည်။

[**] ၂၀၁၅ ခုနှစ် ဝင်ငွေခွန်စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၄ အရ အစားထိုးသည်။

## အခန်း ၂
## နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို စည်းကြပ်ခြင်း

၃။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် စည်းကြပ်ကောက်ခံခြင်းကို အောက်ပါအတိုင်းပြုလုပ်ရမည်-

(က) ဥပဒေပုဒ်မ ၁ဖ၊ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းသည် ဝင်ငွေနှစ်အတွင်း ကြိုတင်၍ ဝင်ငွေခွန်ကို ထိုနှစ်အတွက် နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ယင်းအဖွဲ့အစည်းအတွက် ဝင်ငွေခွန် လျာထားပေးသည့်အတိုင်း ပေးဆောင်ရမည်။

ယင်းသို့ ပေးဆောင်ရာတွင် သုံးလတစ်ကြိမ် အရစ်ဖြင့် ပေးဆောင်ရမည်။ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအရ အဆိုပါ ဝင်ငွေခွန်လျာထားချက် ပြောင်းလဲမှုရှိလျှင် ယင်းပြောင်းလဲလျာထားသည့်အတိုင်း ကျန်အရစ်များကို ပြန်လည်ညှိပြီး ပေးဆောင်ရမည်။ ထိုသို့ ကြိုတင်ပေးဆောင်သည့် ဝင်ငွေခွန်ကို သက်ဆိုင်ရာစည်းကြပ်မှုနှစ်တွင် ခုနှိမ်ပေးရမည်။

သို့ရာတွင် နိုင်ငံတော်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် အဆိုပါ ဝင်ငွေခွန် လျာထားရာ၌ ကြိုတင်ပေးဆောင်ရန် အခွန်နှင့် ရိုးရိုးအခွန် ခွဲခြားလျာထားမှုရှိလျှင် ကြိုတင် ပေးဆောင်ရန် ဝင်ငွေခွန် လျာထားချက်သာလျှင် ဤအပိုဒ်နှင့်အကျုံးဝင်စေရမည်၊

(ခ) ဥပဒေပုဒ်မ ၁၇ တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် နှစ်ချုပ်စာရင်းများ

ပြုစုပြီးသည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း ဝင်ငွေကြေညာလွှာကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အဆိုပါအဖွဲ့အစည်းမှ ပေးပို့သော ဝင်ငွေကြေညာလွှာတွင် ဖော်ပြထားသည့် ဝင်ငွေကိုလက်ခံ၍ ဝင်ငွေခွန် စည်းကြပ်ရမည်။

သို့ရာတွင် ယင်းသို့ဖော်ပြသည့် ဝင်ငွေမှာ အခွန်ပေးဆောင်ထိုက်သော ဝင်ငွေထက်လျော့နည်းနေသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင် အခွန်ပေးဆောင်ထိုက်သော ဝင်ငွေကို သတ်မှတ်၍ အခွန်စည်းကြပ်နိုင်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ၏ စာရင်းစစ်ဆေးခြင်းအစီအစဉ်အရ အဆိုပါအဖွဲ့အစည်း၏ စာရင်းများကို စစ်ဆေးပြီးသောအခါ သက်ဆိုင်ရာနှစ်အတွက် ဝင်ငွေသည် မူလကြေညာထားသည့် ဝင်ငွေ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်ခဲ့သည့် ဝင်ငွေနှင့် ကွာခြားခဲ့လျှင် ယင်းအဖွဲ့အစည်းသည် စာရင်း စစ်ဆေးချက် အစီရင်ခံစာရရှိပြီး ရက်ပေါင်း သုံးဆယ်အတွင်း အဆိုပါနှစ်အတွက် ဝင်ငွေကြေညာလွှာအသစ်ကို စာရင်းစစ်ဆေးချက် အစီရင်ခံစာ မိတ္တူနှင့်အတူ မြို့နယ်အခွန်ဦးစီးဌာနသို့ ထပ်မံပေးပို့ရမည်။ ယင်းတို့ကို လက်ခံရရှိသည့်အခါ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာနှစ်အတွက် စည်းကြပ်မှုကို ဝင်ငွေကြေညာလွှာအသစ်အရ ပြန်လည် ပြုလုပ်ရမည်၊

(ဃ) ဥပဒေပုဒ်မ ၆ ပါ သက်သာခွင့်များသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အကျုံးမဝင်စေရ၊

(င) အဆိုပါ အဖွဲ့အစည်းများအပေါ် စည်းကြပ် ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် ကျန်ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ *စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ၃

## သမဝါယမအသင်းများအား စည်းကြပ်ခြင်း

၄။ (က) ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေအရဖွဲ့စည်းထားသော သမဝါယမအသင်း၏ စုစုပေါင်းဝင်ငွေကို တွက်ချက်သတ်မှတ်ရာ၌ ယင်းဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ဝင်ငွေခွန်စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့် ပစ္စည်းတန်ဖိုးလျော့ငွေတို့ကို လည်းကောင်း၊ အောက်ပါရန်ပုံငွေများကို ထူထောင်ထားပြီး ယင်းရန်ပုံငွေများသို့ အမှန်ထည့်ဝင်ငွေများအနက်မှ အမြဲတမ်း ဝန်ထမ်းလစာကုန်ကျစရိတ်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ပမာဏအထိကို လည်းကောင်း နုတ်ပယ်ခွင့်ပြုရမည်–

(၁) အိုနာစာရန်ပုံငွေသို့ ထည့်ဝင်ငွေ၊

(၂) လူမှုရေးနှင့် ယဉ်ကျေးမှုရန်ပုံငွေသို့ ထည့်ဝင်ငွေ၊

(ခ) စည်းမျဉ်းခွဲ (က)တွင် အကျုံးမဝင်သော ၁၉၉၈ ခုနှစ်၊ သမဝါယမအသင်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၃ နှင့် ၆၄ အရ အမှန်ထူထောင်ထားသည့် ရန်ပုံငွေတစ်ရပ်ရပ်မှ ထုတ်ပေးသည့် အသုံးစရိတ်

*နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ အမည်ပြောင်းလဲသည်။

ကိုလည်း နုတ်ပေးရမည်။ သို့သော် ယင်းအသုံးစရိတ် ကုန်ကျငွေသည် မ-တည်စရိတ်နှင့် ဝင်ငွေခွန် ပေးသွင်းငွေ မဖြစ်စေရ၊

(ဂ) ဝင်ငွေခွန်ဥပဒေပုဒ်မ၁၆ တွင်မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ သမဝါယမအသင်းသည် သက်ဆိုင်ရာ ဝင်ငွေနှစ် ကုန်ဆုံးပြီးသုံးလအတွင်း ဤစည်းမျဉ်းခွဲ (က)နှင့်(ခ)တို့ပါအတိုင်း တွက်ချက်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် သက်ဆိုင်ရာစည်းကြပ်နှစ်နှင့် သက်ဆိုင်သောနှုန်းများအရ ကျသင့်သောအခွန်ကို တစ်ကြိမ်တည်းဖြင့် အကျေပေးဆောင်ရမည်။ ယင်းသို့ပေးဆောင်သောအခွန်သည် ဥပဒေပုဒ်မ ၁၆ အရ ကြိုတင်ပေးဆောင်သော ဝင်ငွေခွန်ဖြစ်သည်ဟု မှတ်ယူရမည်၊

(ဃ) သမဝါယမအသင်း၏ နှစ်ချုပ်စာရင်းများကို သမဝါယမအသင်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၄ အရ သမဝါယမဦးစီးဌာနက နှစ်ချုပ်စာရင်းရေးဆွဲခြင်းနှင့် နည်းဥပဒေ ၈၂ အရ သမဝါယမဦးစီးဌာန စာရင်းစစ်ဖြင့် စစ်ဆေးခြင်းဖြစ်ပါက သမဝါယမဦးစီးဌာန၏ စာရင်းစစ်အစီရင်ခံစာ အပေါ် အခြေပြု၍ စည်းမျဉ်းခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုစုပေါင်းဝင်ငွေကို တွက်ချက်ရမည်၊

(င) အဆိုပါအသင်းအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## *အခန်း ၄
## အယူခံခြင်း

၅။ (က) အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သော မိမိနှင့် သက်ဆိုင်သည့် အမိန့် တစ်ရပ်ရပ်ကို အယူခံဝင်လိုပါက–

(၁) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးထံ သတ်မှတ်ထားသည့် အယူခံလွှာပုံစံဖြင့် တင်သွင်းရမည်၊

(၂) မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်မိတ္တူကို အယူခံလွှာနှင့်အတူ ပူးတွဲတင်ပြရမည်၊

(ခ) အခွန်ထမ်းသည် အခွန်ငွေကို အပြေအကျေ ပေးဆောင်ခြင်းမရှိဘဲ မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သော အမိန့်ကို အယူခံဝင်ခွင့်ပြုပါရန် ဥပဒေပုဒ်မ ၃၂၊ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂)အရ လျှောက်ထားလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအတွက် တာဝန်လွှဲအပ်သောအဖွဲ့သို့ လျှောက်ထားရမည်။ အဆိုပါအဖွဲ့သည် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) အခွန်ထမ်းသည် အမှန်ပင်အခွန်ငွေကို အပြေအကျေ ပေးဆောင်နိုင်သူ ဟုတ်၊ မဟုတ်စိစစ်ရမည်။ လိုအပ်လျှင်

---

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

ယင်းကိစ္စအတွက် မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေး မေးမြန်းနိုင်သည်၊

(၂) အခွန်ထမ်းသည်အခွန်ငွေကို အပြေအကျေ ပေးဆောင်နိုင်သူဖြစ်သည်ဟု ယူဆရန် အကြောင်းရှိလျှင် အခွန်ငွေကို အပြေအကျေ ပေးဆောင်စေပြီးမှသာ ယင်းအား အယူခံဝင်ခွင့်ပြုရမည်၊

(၃) အခွန်ထမ်းသည် အခွန်ငွေကို အပြေအကျေ ပေးဆောင်နိုင်သူ မဟုတ်ဟု ယူဆရန် အကြောင်းရှိလျှင် အခွန်ငွေ တချို့တစ်ဝက်ကို သတ်မှတ် ပေးဆောင်စေပြီး ကျန်အခွန်ငွေအတွက် လုံလောက်သော အာမခံပစ္စည်း တင်သွင်းစေပြီးမှသာ အယူခံဝင်ခွင့်ပြုရမည်၊

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ အခွန် အယူခံခုံအဖွဲ့ထံ အယူခံဝင်ရာတွင် ယင်းအဖွဲ့က သတ်မှတ်ထားသော ပုံစံနှင့်အတူ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီး ဌာနမှူး သို့မဟုတ် *အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်မိတ္တူကို ပူးတွဲ၍ တင်ပြရမည်၊

(ဃ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံ ဝင်သည့်အခါ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍သာ အယူခံဝင်ခွင့်ရှိသည်။ ယင်းသို့ အယူခံဝင်ရာတွင်

* ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

အယူခံလွှာနှင့်အတူ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသော အခွန်အယူခံခုံအဖွဲ့က ချမှတ်သည့်အမိန့်မိတ္တူကို ပူးတွဲ၍ တင်ပြရမည်၊

(င) ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် *အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးဌာနမှူးသည် အယူခံအမှုကို ဆုံးဖြတ်ရာတွင်-

(၁) လိုအပ်သည့်အမှုတွဲ သို့မဟုတ် စာရွက် စာတမ်းများကို သက်ဆိုင်ရာမှ တောင်းယူနိုင်သည်၊

(၂) မည်သူ့ကိုမဆို စစ်ဆေးမေးမြန်းနိုင်သည်၊

(၃) လိုအပ်သည့် သတင်းအချက်အလက်များကို တောင်းယူနိုင်သည်၊

(စ) အယူခံမှုနှင့် စပ်လျဉ်း၍ အယူခံဝင်သူအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ရှင်းလင်းတင်ပြခွင့်ပေးရမည်။ အယူခံဝင်သူကစာဖြင့် လျှောက်လဲတင်ပြလာလျှင်လည်း ခွင့်ပြုရမည်။

## အခန်း ၅
## လုပ်ငန်းရပ်စဲသူနှင့် စပ်လျဉ်း၍ အခွန်စည်းကြပ်ရန် နည်းလမ်းများ

၆။ (က) အခွန်ပေးဆောင်ထိုက်သူ တစ်ဦးသည် မိမိ၏ လုပ်ငန်းကိုရပ်စဲလျှင် လုပ်ငန်းရပ်စဲသည့်နေ့အထိ အခွန်စည်းကြပ်ရန်ရှိသော ကာလအတွက်

* ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

ဝင်ငွေကြေညာလွှာကို လုပ်ငန်းရပ်စဲသည့်နေ့မှ တစ်လအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ရမည်၊

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ပေးဆောင် ထိုက်သူတစ်ဦး၏ လုပ်ငန်းကို ရပ်စဲကြောင်းတွေ့ရှိလျှင် ထိုသူအား ဝင်ငွေကြေညာလွှာပေးပို့ရန် အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာကို ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရပေးပို့သည့် အကြောင်းကြားစာဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊

(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လုပ်ငန်းရပ်စဲသူအပေါ် အခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) ဤစည်းမျဉ်းအရ စည်းကြပ်ရာ၌ ဝင်ငွေနှစ်ကို စည်းကြပ်နှစ်ဟု မှတ်ယူ၍ ဝင်ငွေနှစ်အတွင်း တည်ဆဲအခွန်နှုန်းများဖြင့် တွက်ချက်တောင်းခံရမည်၊

(င) လုပ်ငန်းရပ်စဲသူအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အခြားကိစ္စရပ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း ၆
## နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူများအားစည်းကြပ်ခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့၏ *စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံခြားငွေရရှိသူ တစ်ဦးဦး သို့မဟုတ် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အခွန်ကို နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရန် သတ်မှတ်နိုင်သည်။

---

* နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ အမည်ပြောင်းလဲသည်။

၈။ ဆိုင်ရာဝင်ငွေနှစ်အတွင်း အခွန်ထမ်း၏ရငွေ သို့မဟုတ် ကုန်ကျစရိတ်များတွင် ကျပ်ငွေဖြင့်သာမက နိုင်ငံခြားငွေဖြင့်လည်းပါဝင်ပါက သို့မဟုတ် နိုင်ငံခြားငွေဖြင့်သာ ရရှိခြင်းဖြစ်ပါက ယင်း၏ စုစုပေါင်းဝင်ငွေနှင့် ပေးဆောင်ရန်အခွန်နှင့် စပ်လျဉ်း၍ -

(က) နိုင်ငံခြားငွေဖြင့် ရငွေနှင့် ကုန်ကျစရိတ်ငွေတို့ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းဖြင့် ကျပ်ငွေသို့ ဖလှယ်၍ တန်ဖိုးသင့်ရမည်။ ယင်းသို့ဖလှယ်ပြီး ပမာဏအသီးသီးကို ကျပ်ငွေသက်သက်ဖြင့် အမှန်ရငွေနှင့် ကျပ်ငွေသက်သက်ဖြင့် အမှန်ကုန်ကျ စရိတ်အသီးသီးဖြင့် ပေါင်းခြင်း၊ ရငွေစုစုပေါင်းမှ ကုန်ကျစရိတ် စုစုပေါင်းကို ခုနှိမ်၍ ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေကို သတ်မှတ်ခြင်းပြုရမည့်ပြင် ယင်းအပေါ်ကျသင့်မည့် ကျပ်ငွေဖြင့် အခွန်ကိုလည်း တည်ဆဲပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ရမည်၊

(ခ) စည်းမျဉ်းခွဲ (က) ပါအတိုင်း တွက်ချက်ရရှိသည့် ကျပ်ငွေဖြင့် အခွန်ကို ကျပ်ငွေ သက်သက်ဖြင့် ပေးဆောင်စေရန် ပမာဏနှင့် နိုင်ငံခြားငွေသို့ ပြန်လည်ဖလှယ်၍ နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရန် ပမာဏဟူ၍ အချိုးခွဲဝေရမည်။ ယင်းသို့ ခွဲဝေရာ၌ ကျပ်ငွေသက်သက်ဖြင့် ရငွေပမာဏနှင့် နိုင်ငံခြားငွေဖြင့် အမှန်ရရှိသည်ကို ကျပ်ငွေသို့ ဖလှယ်ထားသည့် ကျပ်ငွေပမာဏ၊ ယင်းနှစ်ရပ် အချိုးအတိုင်း ခွဲဝေရန် ဖြစ်သည်။ ယင်းနောက် ကျပ်ငွေဖြင့် အခွန်အချိုးပမာဏကို ကျပ်ငွေဖြင့် ပေးဆောင်စေရန်ဖြစ်ပြီး နိုင်ငံခြားငွေမှ ဖလှယ်ထားသည့် ကျပ်ငွေဖြင့် အခွန်အချိုးပမာဏကို နိုင်ငံခြားငွေသို့ ပြန်လည်ဖလှယ် တန်ဖိုးသင့်၍ ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်၊

(ဂ) *အထက်ပါအတိုင်း တွက်ချက်ရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ရမည်။ သက်ဆိုင်ရာ ရငွေကို ဝင်ငွေနှစ်အတွက်တစ်ကြိမ်တည်းဖြင့် ရရှိခဲ့ခြင်းဖြစ်ပါက ယင်းငွေရရှိသည့်နေ့၏ ငွေလဲလှယ်နှုန်း ဖြင့်လည်းကောင်း၊ တစ်ကြိမ်ထက် ပိုမိုရရှိခဲ့ခြင်းဖြစ်ပါက ထိုသို့ရရှိသည့်နေ့အသီးသီး၏ ငွေလဲလှယ်နှုန်းများကို ပျမ်းမျှခြင်းပြုလုပ်၍ ယင်းပျမ်းမျှနှုန်းဖြင့်လည်းကောင်း နိုင်ငံခြားငွေမှကျပ်ငွေသို့၊ ကျပ်ငွေမှနိုင်ငံခြားငွေသို့ ဖလှယ်တန်ဖိုးသင့်ရမည်။ ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍လည်း အလားတူဆောင်ရွက်ရမည်၊

(ဃ) စည်းမျဉ်းခွဲ (ခ) အရတွက်ချက်ရရှိသည့် နိုင်ငံခြားငွေဖြင့် အချိုးကျအခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် တောင်းခံ၍ ပြန်အမ်းရန်ရှိလျှင်လည်း ယင်းနိုင်ငံခြား ငွေဖြင့်ပင် ပြန်အမ်းရမည်။ ကျပ်ငွေဖြင့် အချိုးကျအခွန်ကိုလည်းကျပ်ငွေဖြင့် တောင်းခံ၍ ပြန်အမ်း ရန်ရှိလျှင်လည်း ကျပ်ငွေဖြင့်ပင် ပြန်အမ်းရမည်၊

(င) ဥပဒေပုဒ်မ ၁၆ အရ ဝင်ငွေနှစ်အတွင်း အခွန် ပေးသွင်းခြင်းကို အခွန်ထမ်းက မိမိပေးဆောင်ရမည်ဟု ခန့်မှန်းသည့် နိုင်ငံခြားငွေဖြင့် အခွန်၊ ကျပ်ငွေဖြင့် အခွန်ပေါ်တွင်အခြေပြု၍ နိုင်ငံခြားငွေ၊ ကျပ်ငွေတို့ဖြင့် ပေးဆောင်ရမည်၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့၏ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြား ငွေဖြင့်ရရှိသူ တစ်ဦးဦး သို့မဟုတ် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည့်အခွန်ကို နိုင်ငံခြားငွေဖြင့် ရရှိသည့် ရငွေအပေါ်အခြေပြုသည့် ပုံသေရာခိုင်နှုန်းဖြင့် သတ်မှတ်

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၄ အရ အစားထိုးသည်။
** နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆ အရ အမည်ပြောင်းလဲသည်။

နိုင်သည်။ ယင်းသို့ သတ်မှတ်ထားပါက စည်းမျဉ်းခွဲ (ခ) အရ တွက်ချက်ရရှိသည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် အခွန်မည်မျှပင် ဖြစ်စေကာမူပုံသေ ရာခိုင်နှုန်းအရကျသင့် အခွန်ပမာဏကိုသာ အစားထိုး ပေးဆောင်စေရမည်။ သို့ရာတွင် ကျပ်ငွေဖြင့် အချိုးကျ အခွန်ပမာဏကိုမူ ကျပ်ငွေဖြင့် ပေးဆောင်စေရမည်။

(ဆ) နိုင်ငံခြားငွေဖြင့် ရငွေရရှိသူ၊ ကုန်ကျစရိတ်ရှိသူများအား အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ကျန်ကိစ္စရပ်များကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်ရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအရ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသည့်ကိစ္စရပ်များ၊ ထူးခြားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွက်ချက်နည်းများကိုဖြစ်စေ၊ ဆောင်ရွက်ရန်နည်းစနစ်များကို ဖြစ်စေ ညွှန်ကြားချက်များ ထုတ်ပြန် သတ်မှတ်နိုင်သည်၊

(ဇ) ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များသည် ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင်ရရှိသော ရငွေ သို့မဟုတ် ဝင်ငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ၊

(ဈ) စည်းမျဉ်းခွဲ(စ)ပါအတိုင်း ရငွေအပေါ် ပုံသေနှုန်းဖြင့် အခွန်ပေးဆောင်ရန် သတ်မှတ်ထားခြင်းကြောင့် ယင်းသို့ နိုင်ငံခြားငွေဖြင့် ရငွေရရှိသူများသည် ဤစည်းမျဉ်းနှင့် အကျုံးဝင်ခြင်း မရှိဟု မှတ်ယူခြင်းမရှိစေရ၊

## အခန်း ၇
## ယာယီစည်းကြပ်မှုပြုလုပ်ခြင်း

၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်းထံမှရရှိသော ဝင်ငွေကြေညာလွှာကို အခြေပြု၍လည်း ကောင်း၊ ယင်းကြေညာလွှာနှင့်အတူ

စာရင်းရှင်းတမ်း များပါရှိလျှင် ယင်းစာရင်းရှင်းတမ်းများကို အခြေပြု၍လည်းကောင်း ယာယီစည်းကြပ်မှုကို ပြုလုပ်နိုင်သည်။ ယာယီစည်းကြပ်မှုအရ ကျသင့်သည့် အခွန်ငွေမှ ဥပဒေပုဒ်မ ၁၆ အရ ပေးဆောင်ပြီးသည့်ငွေကို ခုနှိမ်ပေးရမည်၊

(ခ) ယာယီစည်းကြပ်မှုအရ အခွန်ထမ်း ပေးဆောင်ရမည့်အခွန်ကို ဥပဒေ ပုဒ်မ ၅၃ ပါ နည်းလမ်းများအတိုင်း တောင်းခံရမည်။ ယင်းအခွန်ကို အခွန်ထမ်းက ပေးဆောင်ရန် ပျက်ကွက်လျှင် ဥပဒေ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရကောက်ခံနိုင်သည်၊

(ဂ) ဤစည်းမျဉ်းအရယာယီစည်းကြပ်မှု ပြုလုပ်သည့်ကိစ္စတွင် ပုံမှန်စည်းကြပ်မှုကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောလျင်စွာ ပြုလုပ်ရမည်၊

(ဃ) ဤစည်းမျဉ်းအရပြုလုပ်သည့် ယာယီစည်းကြပ်မှု နှင့် စပ်လျဉ်း၍ အယူခံဝင်ခွင့် မရှိစေရ။

## အခန်း ၈

## အခွန်ထမ်း၏ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခွင့်ရှိသူများ

၁၀။ (က) ဥပဒေပါ ကိစ္စရပ်များအလို့ငှာ ဥပဒေအရအခွန်ထမ်း ကိုယ်တိုင်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စမှတစ်ပါး အောက်ပါပုဂ္ဂိုလ်တို့သည် အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိစေရမည်-

(၁) အခွန်ထမ်းက စာဖြင့် ကိုယ်စားလှယ်ခန့်အပ်သော ယင်း၏ ဆွေမျိုးတော်စပ်သူ သို့မဟုတ် ယင်း၏အမြဲတမ်းဝန်ထမ်း၊

(၂) တရားရုံးတစ်ခုခုတွင် ဆောင်ရွက်ခွင့်ရှိသည့် ရှေ့နေ၊

(၃) မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေအရ အသိအမှတ်ပြုခြင်းခံရသော စာရင်းကိုင် သို့မဟုတ် စာရင်းစစ်၊

(၄) အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသည့် ဝင်ငွေခွန် ရှေ့ဆောင်-

(ကက) မြန်မာနိုင်ငံ၏ တက္ကသိုလ်တစ်ခုခု သို့မဟုတ် ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုသော နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ ဝါဏိဇ္ဇ ဝိဇ္ဇာဘွဲ့ ဖြစ်စေ၊ စာရင်းအင်းပညာ သို့မဟုတ် အခွန် ဘဏ္ဍာပညာအဓိကဖြင့် အောင်မြင်သော ဘောဂဗေဒဝိဇ္ဇာဘွဲ့ဖြစ်စေ၊ ယင်းဘွဲ့တို့အောက် မနိမ့်သော အလားတူဘွဲ့ ဖြစ်စေရရှိသူ၊

(ခခ) ပြည်တွင်းအခွန်များဦးစီးဌာန သို့မဟုတ် ယင်း ဦးစီးဌာနကဆက်ခံသော အခွန်ဌာန တစ်ခုခု၌ လုပ်သက်အနည်းဆုံး၅နှစ်ရှိ၍ ဤကိစ္စအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်စုံသူ သို့မဟုတ် ဤ အပိုဒ်တွင်ဖော်ပြသော လုပ်သက်နှင့်စပ်လျဉ်း၍ ဤကိစ္စအတွက် ညွှန်ကြားရေးမှူးချုပ်က လုံလောက်သော အကြောင်းရှိ၍ လျှော့ပေါ့ ပေးခြင်းခံရသူ၊

(ခ) ဤစည်းမျဉ်းအရ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသူတို့တွင် အောက်ပါတို့ မပါဝင်စေရ-

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုမှ ထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်း ခံရသည့် ဝန်ထမ်း၊

(၂) စာရိတ္တနှင့် စပ်လျဉ်း၍ ချို့ယွင်းမှုတစ်ခုခုကြောင့် ညွှန်ကြားရေးမှူးချုပ်က ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် မရှိကြောင်း အမိန့်ချမှတ်ထားခြင်းခံရသူ၊

(ဂ) မည်သူမဆို စာရိတ္တနှင့်စပ်လျဉ်း၍ ချို့ယွင်းမှု တစ်ခုခုရှိလျှင် ထိုသူကို ဤကိစ္စအတွက် အခွန်ထမ်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့် မရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုသို့အမိန့်ချမှတ်ခြင်း မပြုမီ သက်ဆိုင်သူအား ဖြေရှင်းခွင့်ပေးရမည်။

**အခန်း ၉**

**စည်းကြပ်ရာဒေသသတ်မှတ်ခြင်း**

၁၁။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် *ပြည်ထောင်စုနယ်မြေအခွန် ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူးသည် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေသအတွင်း၌ တည်ရှိသော စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေပါ ကိစ္စအလို့ငှာ ဆောင်ရွက်ပိုင်ခွင့်ရှိရမည်။ သို့ရာတွင် အခွန်ထမ်းတစ်ဦး၏လုပ်ငန်းသည် ဒေသတစ်ခုထက် ပိုပြီး ကွဲပြားတည်ရှိလျှင် အဓိကလုပ်ငန်းတည်ရှိရာဒေသနှင့် ဆိုင်သော

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၅ ၊ စည်းမျဉ်းခွဲ(က) အရ အစားထိုးသည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

*မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဆောင်ရွက်ရမည်၊

(ခ) ပစ္စည်းခေါင်းစဉ်မှ ဝင်ငွေအတွက် ပစ္စည်းတည်ရှိရာ ဒေသနှင့်ဆိုင်သည့် *မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေအတွက် လစာရရှိသော အလုပ်ခွင်တည်ရှိရာ ဒေသနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက လည်းကောင်း ဆောင်ရွက်ရမည်၊

(ဂ) အခွန်ထမ်းတစ်ဦး၌ ဝင်ငွေရလမ်း တစ်ခုထက်ပိုမိုရှိလျှင် အဓိက ဝင်ငွေရလမ်း တည်ရှိရာဒေသနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ***အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဆောင်ရွက်ရမည်၊

****(ဃ) ဤစည်းမျဉ်းခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လက်တွေ့ ဆောင်ရွက်ရာ၌ ခက်ခဲသည့်ကိစ္စများတွင် အခွန်ထမ်းနေထိုင်ရာဒေသနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးက ဆောင်ရွက်ရမည်။ အခြားကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၇ အရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းပေးထားသည့် အဖွဲ့ရုံးက ဆောင်ရွက်ရမည်။”

---

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၅ ၊ စည်းမျဉ်းခွဲ(ခ) အရ အစားထိုးသည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

*** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

**** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးသည်။

(င) စည်းကြပ်ရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားလျှင် ဤကိစ္စအတွက် ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးသတ် အတည် ဖြစ်ရမည်။ သို့ရာတွင် ထိုသို့ဆုံးဖြတ်ခြင်းမပြုမီ အခွန်ထမ်းအား ပြောရေးဆိုခွင့်ပေးရမည်၊

(စ) စည်းမျဉ်းခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့တွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်လုပ်ငန်း သို့မဟုတ် အခွန်ထမ်းနှင့်စပ်လျဉ်း၍ မဆို *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် စည်းကြပ်မှုအမိန့်ချမှတ်ခြင်းနှင့် အယူခံအမိန့်ချမှတ်ခြင်း မဟုတ်သော ဥပဒေပါ အခြားကိစ္စရပ်များ အားလုံးကို ဆောင်ရွက် ပိုင်ခွင့်ရှိစေရမည်။

## အခန်း ၁၀

## မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၁၂။ (က) မြန်မာနိုင်ငံမှ ပြည်ပသို့ခေတ္တဖြစ်စေ၊ အပြီးအပိုင်ဖြစ်စေ ထွက်ခွာသွားလိုသူသည် အခွန်ပေးဆောင်ရန် တာဝန်မရှိကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကိုပေးဆောင်ရန် ကျေနပ်လောက်အောင် စီမံပြီးကြောင်း ထောက်ခံစာထုတ်ပေးပါရန် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးထံ စာဖြင့် လျှောက်ထားရမည်။ ထောက်ခံစာထုတ်ပေးရန် လျှောက်ထားသူသည် ဝင်ငွေခွန်ဥပဒေအရ တစ်ကြိမ်တစ်ခါမျှ အခွန်စည်းကြပ်ခြင်းမခံရဖူးသူ ဖြစ်လျှင် ဥပဒေအရ စည်းကြပ်မှုဖွင့်လှစ်ဆောင်ရွက်နိုင်သည့် ဝင်ငွေနှစ်များအတွင်း ထိုသူ၏

---

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၅၊ စည်းမျဉ်းခွဲ(က) အရ အစားထိုးသည်။

စည်းကြပ် နိုင်သည့်ဝင်ငွေရှိ၊ မရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးက စိစစ်ရမည်။ မည်သည့်နှစ်အတွက်မဆို အခွန်စည်းကြပ်ရန် အကြောင်းရှိကြောင်းတွေ့ရှိလျှင် ထိုသူအား ယင်းနှစ် သို့မဟုတ် နှစ်များအတွက် စည်းကြပ်မှုကို ပြုလုပ်ရမည်၊

(ခ) ထောက်ခံစာထုတ်ပေးရန် လျှောက်ထားသူအား အခွန်စည်းကြပ်ရန်ရှိလျှင် စည်းကြပ်မှုများကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ဝင်ငွေကြေညာလွှာတင်သွင်းထားခြင်း မရှိသေးသော စည်းကြပ်မှုများရှိလျှင် အခွန်ထမ်းအား ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ၊ ပုဒ်မ ၂၁ အရ ဖြစ်စေ ဆိုင်ရာအကြောင်းကြားစာကို အတည်ပြု၍ ခုနစ်ရက်အောက် မနည်းသော ကာလအတွင်း ဝင်ငွေကြေညာလွှာ သို့မဟုတ် ကြေညာလွှာများကို တင်သွင်းစေနိုင်သည်၊

(ဂ) နှစ်ပြည့်ဖြစ်သော နောက်ဆုံးဝင်ငွေနှစ် ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့မှ အခွန်ထမ်းမြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့အထိ ကာလအပိုင်းအခြားအတွက် အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေကို ခန့်မှန်းသတ်မှတ်၍ လက်ရှိဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ထားသည့်နှုန်းဖြင့် စည်းကြပ်ရမည်။ အခွန်ထမ်းမြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့သည် လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ထက် ကျော်လွန်မည်ဖြစ်ပါက လက်ရှိ ဘဏ္ဍာရေးနှစ်အတွက် စည်းကြပ်မှုအပြင် ယင်းနှစ်ကုန်ဆုံးပြီး နောက်တစ်နေ့မှ အခွန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဟု ခန့်မှန်းသည့်နေ့အထိ ကာလအပိုင်းအခြားအတွက်ပါ ခွဲခြားပြီး သီးခြားစည်းကြပ်မှုများ ပြုလုပ်ရမည်။ ယင်းသို့ စည်းကြပ်ရာတွင် လက်ရှိဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ထားသည့်

နှုန်းဖြင့် အခွန်ငွေကို တွက်ချက်ရမည်။ ထိုသို့ စည်းကြပ်နိုင်ရန် အခွန်ထမ်းအား ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာကို အတည်ပြု၍ ခုနစ်ရက်အောက် မနည်းသော ကာလအတွင်း ဝင်ငွေကြေညာလွှာကို တင်သွင်းစေနိုင်သည်၊

(ဃ) ထောက်ခံစာထုတ်ပေးရန် လျှောက်ထားသူအပေါ်တွင် အခွန်စည်းကြပ်ရန်ရှိသော်လည်း မြန်မာနိုင်ငံမှ ထိုသူမထွက်ခွာမီ စည်းကြပ်မှုအားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေမရှိလျှင် ထိုသူမြန်မာနိုင်ငံမှ ထွက်ခွာသွားပြီးနောက် ထိုသူအား စည်းကြပ်မှုပြုလုပ်နိုင်ရန် လိုအပ်မည့်ကိစ္စရပ်များကို ဆောင်ရွက်ထားရမည်။ ထို့ပြင် ကျသင့်မည့် အခွန်ငွေများ ကောက်ခံရရှိရန် လုံလောက်သော စီမံမှုများကိုလည်း ပြုလုပ်ထားရှိရမည်၊

(င) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လျှောက်ထားသူအား ပုံစံ''က''တွင် ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၌ ပြဋ္ဌာန်းသည့် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူထံသို့ လိပ်မူလျက် သင့်လျော်သော စာပိုဒ်ကို အသုံးပြုပြီး ယင်းပုံစံကိုထုတ်ပေးရမည်၊

(စ) စည်းမျဉ်းခွဲ(င) ပါ ပုံစံ ''က'' ကို ရရှိသောအခါ ပြည်ပသို့ ထွက်ခွာသွားလိုသူသည် ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းသည့် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံသို့ အဆိုပါပုံစံ ''က'' ကို ပုံစံ ''ခ'' နှင့်တွဲလျက် တင်သွင်းရမည်။ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူသည် လိုအပ်သည်များကို စိစစ်ဆောင်ရွက်ပြီး ပုံစံ ''ဂ'' ဖြင့် သက်သေခံလက်မှတ်ကို ထုတ်ပေးရမည်၊

(ဆ) အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံမှ ပြည်ပသို့ ထွက်ခွာလိုလျှင် ဥပဒေပုဒ်မ၃၈၊ ပုဒ်မခွဲ (က)တွင်ပြဋ္ဌာန်းထားသည့် သက်သေခံလက်မှတ်ကို ရယူရန် မလိုအပ်စေရ-

(၁) အသက် ၁၈ နှစ် မပြည့်သေးသူများ၊

(၂) တောက်လျှောက် လက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရသာ ဖြတ်သန်းသွားလာသော ခရီးသည်များနှင့် ပြည်ပမှ အပြန် လက်မှတ်ပါရှိပြီး ပြည်တွင်းတွင်ရက်ပေါင်း ကိုးဆယ်ထက် မပိုဘဲ နေထိုင်သည့် ခရီးသည်များ၊

(၃) နိုင်ငံခြားတိုင်းပြည်များမှ မြန်မာနိုင်ငံသို့ လာရောက် တာဝန် ထမ်းဆောင်နေသည့် သံတမန်များ၊ သံတမန် အဆင့်ဝင်ပုဂ္ဂိုလ်များနှင့် ယင်းတို့၏ မိသားစုများ၊

(၄) အထက်ပါသံတမန်များ၏ အချိန်ပြည့် အမှုထမ်းများနှင့် ယင်းတို့၏ မိသားစုများဖြစ်ပြီး မိမိတို့ကိုယ်စားပြုသော တိုင်းပြည်၏ နိုင်ငံသားဖြစ်၍ မြန်မာနိုင်ငံတွင် အခြား အကျိုးစီးပွား ဖြစ်ထွန်းစေသည့် လုပ်ငန်းဆောင်တာကို ဆောင်ရွက်ခြင်း မပြုသူများ၊

(၅) နိုင်ငံခြားတိုင်းပြည် အစိုးရတို့၏လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော အဆိုပါ အစိုးရတို့၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များနှင့် ယင်းတို့၏ မိသားစုများ၊

(၆) မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရဖြစ်စေ၊ ကုလ သမဂ္ဂဆိုင်ရာလုပ်ငန်း တာဝန်များဆောင်ရွက်ရန်ဖြစ်စေ မြန်မာနိုင်ငံသို့ လာရောက်ကြသော ပုဂ္ဂိုလ်များ၊ ဝန်ထမ်း များနှင့် ယင်းတို့၏ မိသားစုများ၊

(ဂ) မြန်မာနိုင်ငံမှထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့်ပေးခြင်း ခံရသူများ၊

(ဃ) ဤစည်းမျဉ်းအရ လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲသည့် ကိစ္စရပ်များ၌ ပုံစံ''ဂ''ထုတ်ပေးရန် နည်းလမ်းများကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးနိုင်သည်။

## အခန်း ၁၁

## တန်ဖိုးလျော့ခွင့်ပြုငွေ

*၁၃။ (က) **(၁) ဥပဒေပုဒ်မ၁၀၊ ပုဒ်မခွဲ(ခ)နှင့်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)တို့အရ အဆောက်အအုံ၊ စက်ကိရိယာ၊ စက်ယန္တရားစု သို့မဟုတ် ပရိဘောဂများနှင့် စပ်လျဉ်း၍ နုတ်ပေးရမည့် ပစ္စည်းတန်ဖိုးလျော့ငွေမှာ အောက်ဇယားပါနှုန်းများအတိုင်း ဖြစ်စေရမည်-

| စဉ် | မ-တည်အပိုင်ပစ္စည်းအမျိုးအစား | | | မူရင်းတန်ဖိုး အပေါ် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | (က) | | **အဆောက်အအုံ**<br>လက်ရွေးစင်ပစ္စည်းများနှင့် သံချောင်းသွင်း ကွန်ကရစ်များဖြင့် ဆောက်လုပ်ထားသော ခိုင်ခံ့တောင့်တင်းသည့် ပထမတန်းတိုက်၊ | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၂.၅ |
| | | (၂) | ကျန်အဆောက်အအုံများ | ၁.၂၅ |

*၂၀၁၆ခုနှစ် ဝင်ငွေခွန်စည်းမျဉ်းများကို ဒုတိယအကြိမ်ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၃ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၅ အရ ပြောင်းလဲသတ်မှတ်သည်။

| | | | | |
|---|---|---|---|---|
| | (ခ) | | သင့်ရုံခိုင်ခံ့တောင့်တင်းသည့် ဒုတိယတန်းတိုက် | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၅ |
| | | (၂) | ကျန်အဆောက်အအုံများ | ၂.၅ |
| | (ဂ) | | အုတ်ကြွပ်၊ သို့မဟုတ် သွပ်မိုးထားသည့် သစ်သား အဆောက်အအုံ | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၁၀ |
| | | (၂) | ကျန်အဆောက်အအုံများ | ၅ |
| | (ဃ) | | ဝါးနှင့်သက်ကယ် ဓနိများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ | အစားထိုးပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်ကို သာမန်အသုံးစရိတ်အဖြစ် ခွင့်ပြုမည်။ |
| ၂။ | | | ပရိဘောဂများနှင့် အဆောက်အအုံတွင် တင်ဆင်ထားသည့် ပစ္စည်းများ- | |
| | (က) | | အထွေထွေ | ၅<br><br>(ပန်းကန်ခွက်ယောက်၊ ဖန်ထည်၊ ရက်ထည်နှင့် ပလပ်စတစ်ပိတ်များအတွက် ခွင့်မပြုပါ။ အစားထိုးရာ၌ ကုန်ကျစရိတ်များကို သာမန်အသုံးစရိတ်အဖြစ်ခွင့်ပြုမည်) |

| | | | | |
|---|---|---|---|---|
| | (ခ) | | ဟိုတယ်၊ ရုပ်ရှင်ရုံနှင့် တည်းခိုခန်းများတွင် အသုံးပြုသည့် အိမ်ထောင်ပရိဘောဂ၊ တပ်ဆင်ထားသည့် ပစ္စည်းများ၊ ငွေထည်နှင့် မီးဖိုဆောင်သုံးပစ္စည်း | ၆.၂၅ |
| | (ဂ) | | ဟိုတယ်၊ ဇာတ်ပွဲရုံနှင့် ရုပ်ရှင်ရုံများတွင် အသုံးပြုသည့် တူရိယာပစ္စည်း | ၁၀ |
| ၃။ | | | **စက်ယန္တရားစု–** | |
| | (က) | | အထွေထွေ | ၅ |
| | (ခ) | | အောက်ပါများအတွက် သီးခြားနှုန်းများဖြင့် ခွင့်ပြုမည်– | |
| | | (၁) | ဆန်စက် | ၆.၂၅ |
| | | (၂) | ဂျုံစက် | ၆.၂၅ |
| | | (၃) | ဆီစက် | ၆.၂၅ |
| | | (၄) | ရေခဲစက် | ၆.၂၅ |
| | | (၅) | ဘိလပ်ရည်စက် | ၆.၂၅ |
| | | (၆) | ကော်ဖီမှုန့်စက် | ၆.၂၅ |
| | | (၇) | အချိုသောက်လက်ဖက်ခြောက်စက် | ၆.၂၅ |
| | | (၈) | အရက်ချက်စက် | ၆.၂၅ |
| | | (၉) | မုန့်ဖုတ်ဖိုနှင့်ဘီစကွတ်စက် | ၆.၂၅ |
| | | (၁၀) | ခေါက်ဆွဲ၊ မြူစွမ်၊ ကြာဆံ၊ မုန်ဟင်းခါးဖတ် စသည့် စက် | ၆.၂၅ |
| | | (၁၁) | အမှုန့်ကြိတ်စက် | ၆.၂၅ |
| | | (၁၂) | စည်သွတ်စက် | ၆.၂၅ |
| | | (၁၃) | သားရေထုတ်စက် | ၆.၂၅ |
| | | (၁၄) | ဖိနပ်စက် | ၆.၂၅ |

| | | | | |
|---|---|---|---|---|
| | | (၁၅) | ဓါတ်ခဲစက် | ၆.၂၅ |
| | | (၁၆) | ကော်စက် | ၆.၂၅ |
| | | (၁၇) | ဆပ်ပြာစက် | ၆.၂၅ |
| | | (၁၈) | ဖယောင်းတိုင်စက် | ၆.၂၅ |
| | | (၁၉) | ကြိုးကျစ်စက် | ၆.၂၅ |
| | | (၂၀) | ဒန်သတ္တုပစ္စည်းစက် | ၆.၂၅ |
| | | (၂၁) | သတ္တုပုံးစက် | ၆.၂၅ |
| | | (၂၂) | ပလပ်စတစ်ပစ္စည်းစက် | ၆.၂၅ |
| | | (၂၃) | သစ်ခွဲစက် | ၆.၂၅ |
| | | (၂၄) | ထုံးဖို | ၆.၂၅ |
| | | (၂၅) | လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက် | ၆.၂၅ |
| | | (၂၆) | ကျောက်ပစ္စည်းစက် | ၆.၂၅ |
| | | (၂၇) | သံမှအပအခြားသတ္တုအရည်ကျိုစက် | ၆.၂၅ |
| | | (၂၈) | တွင်ခုံ | ၆.၂၅ |
| | | (၂၉) | သဘော်ကျင်း | ၆.၂၅ |
| | | (၃၀) | ပဲခွဲစက် | ၆.၂၅ |
| | (ဂ) | (၁) | ဆီခဲစက် | ၁၀ |
| | | (၂) | ဓာတုဗေဒပစ္စည်းထုတ်လုပ်သည့်စက် | ၁၀ |
| | | (၃) | အဖြူချွတ်နှင့်ဆေးဆိုးစက် | ၁၀ |
| | | (၄) | ရော်ဘာပစ္စည်းစက် | ၁၀ |
| | | (၅) | အုတ်ဖို | ၁၀ |
| | | (၆) | အုတ်ကြွပ်စက် | ၁၀ |
| | | (၇) | ဝိုင်ယာကြိုးနှင့် အိမ်ရိုက်သံစက် | ၁၀ |
| | | (၈) | အထည်စက် | ၁၀ |
| | | (၉) | ဆားဖို | ၁၀ |

| | | | | |
|---|---|---|---|---|
| ၄။ | | | **စက်ပစ္စည်းများ-** | |
| | (က) | | မြေပေါ်လျှပ်စစ်ကြိုးလုံးကြီး | ၂.၅ |
| | (ခ) | (၁) | လျှပ်စစ်ဓာတ်အားပေးစက် | ၆.၂၅ |
| | | (၂) | လျှပ်စစ်ဓာတ်အားပို့သည့် စက်ကိရိယာ | ၆.၂၅ |
| | | (၃) | မြေအောက်လျှပ်စစ်ကြိုးလုံးကြီး | ၆.၂၅ |
| | | (၄) | ဓာတ်လှေကား | ၆.၂၅ |
| | | (၅) | အထွေထွေလျှပ်စစ်ပစ္စည်း | ၆.၂၅ |
| | | (၆) | သတ္တုရေစိမ်စက်ကိရိယာ | ၆.၂၅ |
| | | (၇) | စက်ကိရိယာပြုပြင်ထိန်းသိမ်းသည့်စက် | ၆.၂၅ |
| | | (၈) | ပုံနှိပ်စက် | ၆.၂၅ |
| | | (၉) | လေဖိစက်နှင့် လေအားစက်ကိရိယာ | ၆.၂၅ |
| | | | ရေခဲမုန့်စက် | ၁၀ |
| | (ဃ) | | ရုပ်ရှင်ထုတ်လုပ်မှု၊ ပြသမှုဆိုင်ရာစက်ပစ္စည်း | ၁၂.၅ |
| | (င) | | ဓါတ်မှန်နှင့် ရောဂါကုဓါတ်အား ပစ္စည်းများ | ၂၀ |
| ၅။ | | | **ရေကြောင်းသယ်ယူပို့ဆောင်ရေး-** | |
| | (က) | | သံထည်ခွံဖြင့်ဆောက်လုပ်ထားသော စက်မဲ့ရေယာဉ် | ၅ |
| | (ခ) | | သံထည်ခွံဖြင့်ဆောက်လုပ်သော စက်ရေ ယာဉ် | ၆.၂၅ |
| | (ဂ) | | သစ်သားခွံဖြင့်ဆောက်လုပ်သော ရေယာဉ် | ၁၀ |
| ၆။ | | | **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ယာဉ်များ-** | |
| | (က) | (၁) | မော်တော်ယာဉ် | ၁၂.၅ |

| | | | | |
|---|---|---|---|---|
| | | (၂) | စက်ဘီးနှင့်ဆိုက်ကားများ | ၁၂.၅ |
| | (ခ) | | အငှားယာဉ်၊ ကုန်တင်ကားများနှင့် ခရီးသည်တင်ကားများ၊ စက်မဲ့ယာဉ်များ | ၂၀ |
| ၇။ | | | **အထွေထွေ** | |
| | (က) | (၁) | ရုံးသုံးစက်ကိရိယာ | ၁၀ |
| | | (၂) | အလေးချိန်စက်နှင့် ကိရိယာ | ၁၀ |
| | | (၃) | အလုပ်ရုံသုံးစက်ကိရိယာများနှင့် တန်ဆာပလာများ | ၁၀ |
| | | (၄) | အထည်နှင့်ဦးထုပ်ချုပ်စက် | ၁၀ |
| | | (၅) | သားရေနှင့် ကင်းဘတ်ပစ္စည်းချုပ်စက်များ | ၁၀ |
| | | (၆) | အအေးခါတ်ပေးစက်ကိရိယာ | ၁၀ |
| | | (၇) | ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာ | ၁၀ |
| | | (၈) | ဆောက်လုပ်ရေးနှင့် အိမ်သုံးသံထည်ပစ္စည်းထုတ်လုပ်သည့်စက်များ | ၁၀ |
| | | (၉) | သတ္တုတွင်းသုံးစက်ပစ္စည်း | ၁၀ |
| | | (၁၀) | လက်ယက္ကန်း | ၁၀ |
| | (ခ) | (၁) | ကြံရည်ကြိတ်စက် | ၁၂.၅ |
| | | (၂) | ခွဲစိတ်ကိရိယာများ | ၁၂.၅ |
| | (ဂ) | (၁) | စက်မှုလယ်ယာသုံးစက်ကိရိယာများ | ၂၀ |
| | | (၂) | ဝန်ချီစက် | ၂၀ |
| ၈။ | | | **အခြားလုပ်ငန်းဆိုင်ရာအထွေထွေ ပစ္စည်းများ** | |
| | (က) | (၁) | လေယာဉ် | ၁၂.၅ |

| | | | | |
|---|---|---|---|---|
| | | (၂) | စာရင်းပြုစက်များ၊ ဂဏန်းတွက်စက်များ | ၁၀ |
| | | (၃) | ရုပ်ရှင်နှင့်ပြဇာတ် သရုပ်ဆောင်များ၏ အသုံးအဆောင်များ | ၂၀ |
| | | (၄) | အသံဖမ်း၊ အသံချဲ့ပစ္စည်း ကိရိယာများ | ၁၀ |
| | | (၅) | ပုလင်းဆေးစက် | ၁၀ |
| | | (၆) | ချုပ်စက္ကူဘူးပြုလုပ်စက် | ၆.၂၅ |
| | | (၇) | ဖြစ်နှင့်အရက်ချက်စက်ရုံ | ၅ |
| | | (၈) | ကင်မရာနှင့်ဓာတ်ပုံပစ္စည်းများ | ၁၀ |
| | | (၉) | ဘိလပ်မြေစက် | ၆.၂၅ |
| | | (၁၀) | ဓာတုဗေဒပစ္စည်းစက် | ၆.၂၅ |
| | | (၁၁) | ကွန်ပျူတာစနစ်သုံးပစ္စည်းကိရိယာများ | ၂၀ |
| | | (၁၂) | ဝါကြိတ်စက် | ၆.၂၅ |
| | | (၁၃) | နို့ချက်စက် | ၁၀ |
| | | (၁၄) | စာကူးစက်နှင့်မိတ္တူကူးစက်များ | ၁၀ |
| | | (၁၅) | သံရည်ကျိုစက် | ၅ |
| | | (၁၆) | ဖန်ချက်စက်ရုံ | ၆.၂၅ |
| | | (၁၇) | ပိုးသတ်ဆေးထုတ်လုပ်စက် | ၁၂.၅ |
| | | (၁၈) | ဆွယ်တာထိုးစက် | ၆.၅ |
| | | (၁၉) | **လျှော်ဖွတ်၊ ဆေးဆိုးလုပ်ငန်း** | |
| | | | -အထွေထွေလုပ်ငန်းသုံးကိရိယာ | ၁၀ |
| | | | -အဝတ်လျှော်စက် | ၁၂.၅ |
| | | (၂၀) | မီးခြစ်စက် | ၅ |

| | | | | |
|---|---|---|---|---|
| | | (၂၁) | **ရေနံကုမ္ပဏီများ** | |
| | | | -စက်နှင့်စက်ကိရိယာများ | ၅ |
| | | | -ပိုက်လိုင်းများ | ၅ |
| | | | -လွန်တူးကိရိယာများ | ၂၀ |
| | | | -ရေနံတူးစင်များ | ၁၀ |
| | | | -ဘူမိ၊ ရူပလေ့လာစမ်းသပ်ရေး ကိရိယာများ | ၁၀ |
| | | | -ဆိုက်စမစ်လေ့လာစမ်းသပ် ကိရိယာများ | ၁၀ |
| | | | -အခြားလေ့လာစမ်းသပ် ကိရိယာများ | ၁၀ |
| | | (၂၂) | အောက်စီဂျင်၊ အဆက်တီလင်ဓာတ်ငွေ့ ထုတ်လုပ်စက် | ၅ |
| | | (၂၃) | သုတ်ဆေး၊ အရောင်တင်ဆေး ထုတ်လုပ်စက် | ၆.၂၅ |
| | | (၂၄) | ကြက် ဘဲ၊ အသားထုတ်လုပ်စက် | ၆.၂၅ |
| | | (၂၅) | အပ်ချုပ်စက်များ | ၁၀ |
| | | (၂၆) | သဘော်ာဆေးမှုတ်စက် | ၁၀ |
| | | (၂၇) | သကြားစက်များ | ၆.၂၅ |
| | | (၂၈) | တာပေါ်လင်(တာလပတ် သို့မဟုတ် ပလတ်စတစ်) | ၁၂.၅ |
| | | (၂၉) | ရုပ်မြင်သံကြားစက် | |
| | | | -ကောင်းကင်ကြိုးတိုင်များ | ၂.၅ |
| | | | -အခြားကိရိယာများ | ၁၂.၅ |
| | | | -ဖမ်းစက် | |
| | | | (က) အထွေထွေ | ၁၀ |
| | | | (ခ) အငှား | ၁၂.၅ |

| | | | | |
|---|---|---|---|---|
| | | (၃၀) | အုတ်ကြွပ်ထုတ်လုပ်သည့်စက် | ၁၀ |
| | | (၃၁) | လက်နှိပ်စက်များ<br>(လျှပ်စစ်နှင့်သာမန်) | ၁၀ |
| | | (၃၂) | ထီးထုတ်လုပ်စက် | ၁၀ |
| | | (၃၃) | လေစုပ်၊ သန့်ရှင်းရေးစက်များ | ၁၀ |
| | | (၃၄) | ဗွီဒီယို | |
| | | | -ကစားစက်များ | ၂၀ |
| | | | -အခြားဗွီဒီယိုစက်များ | ၁၀ |
| | | (၃၅) | အဝတ်လျှော်စက်များ | ၁၂.၅ |

*(၂) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁) ဇယားတွင် ဖော်ပြမထားသည့် ကိရိယာတန်ဆာပလာများ သို့မဟုတ် အခြား မ-တည် အပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ နုတ်ပေးရမည့် တန်ဖိုးလျော့ငွေမှာ စည်းမျဉ်းခွဲ (ခ)နှင့် အကျုံးမဝင်လျှင် မူရင်းတန်ဖိုးအပေါ် ငါးရာခိုင်နှုန်း ဖြစ်စေရမည်။

**(၃) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါ ကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုး လျော့နှုန်းတို့ကို သတ်မှတ်ပေးနိုင်သည်-

(ကက) ဒြပ်မဲ့ရရန်ပိုင်ခွင့်များ၊

(ခခ) တန်ဖိုးနည်း မ-တည် အပိုင်ပစ္စည်းများ။

***(၄) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါ

* ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၅ (ခ)အရ အစားထိုးသည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၅ (ဂ)အရ အစားထိုးသည်။

*** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၅ (ဃ)အရ အစားထိုးသည်။

ကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုးလျော့နှုန်းတို့ကို သတ်မှတ်ခွင့်ပြုပေးနိုင်သည်-

(ကက) ဤစည်းမျဉ်းခွဲပါ တန်ဖိုးလျော့နှုန်းထက် လျော့၍ ဖြစ်စေ၊ ပို၍ဖြစ်စေခံစားလိုကြောင်း အခွန်ထမ်းက လျှောက်ထားလာသည့် ကိစ္စရပ်များ၊

(ခခ) တန်ဖိုးလျော့ ခံစားသည့်နည်းလမ်း ပြောင်းလဲခြင်း ဆိုင်ရာ ကိစ္စရပ်များ။

(ခ) နည်းဥပဒေ ၁၀၊ အပိုဒ်(ခ)အရ ပြည်တွင်းပြည်ပ စုစုပေါင်းဝင်ငွေကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရာတွင် တန်ဖိုးလျော့ငွေ ခွင့်ပြုရန်အတွက် စည်းမျဉ်းခွဲ(က)ပါဇယားဥ္မမပါရှိလျှင် သက်ဆိုင်ရာ လုပ်ငန်း၏ စီမံအုပ်ချုပ်မှုရှိရာ နိုင်ငံမှခွင့်ပြုချက်အတိုင်း ခွင့်ပြုနိုင်သည်၊

(ဂ) (၁) ခွင့်ပြုသည့် ပစ္စည်းတန်ဖိုးလျော့ငွေ စုစုပေါင်းသည် သက်ဆိုင်ရာ မ-တည် အပိုင်ပစ္စည်းအတွက် အခွန်ထမ်း ကုန်ကျသော မူရင်း တန်ဖိုးထက်မပိုရ၊

(၂) အခွန်ထမ်းက မိမိပိုင် စက်ကိရိယာကို အဆောက်အအုံနှင့် အတူ အငှားချထားသည့် ကိစ္စတွင် ထိုအဆောက်အအုံ အငှားချထားခြင်းမှာ အဆိုပါစက်ကိရိယာ အငှားချထား ခြင်းနှင့် ခွဲခြား၍မရနိုင်လျှင် ထိုအဆောက်အအုံအတွက် တန်ဖိုးလျော့ငွေ နုတ်ပယ်ခွင့်ရှိသည်၊

(၃) မ-တည်အပိုင်ပစ္စည်းကို ဝင်ငွေနှစ်တစ်နှစ်လုံး အခွန်ထမ်း အသုံးမပြုဘဲ ဝင်ငွေနှစ်၏ အစိတ်အပိုင်း တစ်ရပ်၌သာ အသုံးပြု စေကာမူ ထိုနှစ်အတွက် ပစ္စည်းတန်ဖိုး လျော့ငွေ အပြည့်နုတ်ပယ်ခွင့်ရှိသည်၊

(၄) ဝင်ငွေနှစ်အတွင်း မ-တည်အပိုင်ပစ္စည်း အလွှဲအပြောင်း ရှိလျှင် ထိုပစ္စည်းကို နောက်ဆုံးဆက်ခံအသုံးပြုသည့်

အခွန်ထမ်းအတွက်သာ အဆိုပါတန်ဖိုးလျော့ငွေကို နုတ်ပယ်ခွင့် ရှိသည်၊

(၅) ဤစည်းမျဉ်းအရ တန်ဖိုးလျော့ငွေ ခံစားနိုင်ရန် အလို့ငှာ သတ်မှတ်သည့်ပုံစံဖြင့် အချက်အလက်များကို အခွန်ထမ်းက ဖြည့်စွက် တောင်းခံရမည်။

## အခန်း ၁၂

## [*]ဝင်ငွေရရှိသည့်အချိန်၌ နုတ်ယူပေးသွင်းရန်နည်းလမ်းများနှင့် အခွန်ကိုကြိုတင်ပေးဆောင်ရန်နည်းလမ်းများ

၁၄။ (က) ဥပဒေပုဒ်မ ၁၆၊ [**]ပုဒ်မခွဲ (က) အရ ဝင်ငွေခွန် နုတ်ယူရာတွင် နုတ်ယူသော နှစ်အတွက် စည်းကြပ်မှုများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် ဝင်ငွေခွန်နှုန်းများဖြင့် တွက်ချက်နုတ်ယူရမည်။

[***](ခ) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ နုတ်ယူထားသော ငွေအားလုံးကို နုတ်ယူသူသည် ထိုသို့ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဘဏ်ငွေစာရင်းသို့ ပေးသွင်းရမည်။ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း ပေးသွင်းသည့်ကိစ္စတွင် ပေးသွင်းသည့်နေ့ရက်သည် ဝင်ငွေနှစ် ကုန်ဆုံးသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်ပါက ပေးသွင်းသောအခွန်ကို သက်ဆိုင်ရာ

---

[*] ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၇ အရ အစားထိုးသည်။

[**] ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၈၊ စည်းမျဉ်းခွဲ (က) အရ အစားထိုးသည်။

[***] ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ဖ(က) အရ အစားထိုးသည်။

ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ် မှတ်ယူရမည်။ သို့ရာတွင် လိုအပ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် ပေးသွင်းရမည့် နေ့ရက်၊ ပေးသွင်းရမည့် နည်းလမ်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စည်းမျဉ်းခွဲ (ဂ)ပါ သတင်းအချက်အလက် ပေးပို့ရမည့် နေ့ရက်၊ ပေးပို့ရမည့် နည်းလမ်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်ပေးနိုင်သည်။

(ဂ) ဥပဒေပုဒ်မ ၁၆၊ *ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ နုတ်ယူထားခြင်းဖြစ်လျှင် နုတ်ယူထားငွေနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ နုတ်ယူသည့်နေ့မှ **၁၅ရက်အတွင်းပေးပို့ရမည်၊

(ဃ) ဥပဒေပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းပေးပို့ရမည့် သူများမှာ အောက်ပါတို့ ဖြစ်သည်-

(၁) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ ဌာနဖြစ်လျှင် ဆိုင်ရာရုံး၏အကြီးအကဲ၊

(၂) တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်လျှင် ယင်းလုပ်ငန်း၏ ပိုင်ရှင်၊

(၃) ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အုပ်ချုပ်မှုကို တာဝန်ယူသောပုဂ္ဂိုလ်စုဝင်၊

(၄) သမဝါယမအသင်းဖြစ်လျှင် ယင်းအသင်း၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊

(၅) ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာ၊ အထွေထွေမန်နေဂျာခန့်ထားခြင်းမရှိက မန်နေဂျာ။

---

* ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၈၊ စည်မျဉ်းခွဲ (ခ) အရ အစားထိုးသည်။

** ၂၀၂၀ ပြည့်နှစ် ဝင်ငွေခွန် စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း ၆(ခ) အရ အစားထိုးသည်။

[*]၁၄-က။(က) လစာခေါင်းစဉ်နှင့်အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့် [**]စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက [***]ဥပဒေပုဒ်မ ၁၆-က၊ ပုဒ်မခွဲ(က) အရ သတ်မှတ်သော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်မှအပ ကျန် ဝင်ငွေခေါင်းစဉ်ပါ ဝင်ငွေ-အမျိုးအစားများနှင့် စပ်လျဉ်း၍ အခွန်ထမ်းသည် ဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်၍ ယင်းအပေါ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပါ အခွန်နှုန်းဖြင့်ကျသင့်မည့်အခွန်ကို သုံးလတစ်ကြိမ် အရစ်ဖြင့် သက်ဆိုင်ရာသုံးလမကုန်မီ ငွေသွင်းချလန်ဖြင့် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်၊

သို့ရာတွင် အခြေပစ္စည်းမှမြတ်စွန်းငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါသတ်မှတ် အခွန်နှုန်းဖြင့် ကျသင့်မည့် အခွန်ငွေကို ခန့်မှန်းတွက်ချက်၍ အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုသည့်နေ့မှ ရက်ပေါင်း၃ဝအတွင်း ငွေသွင်းချလန်ဖြင့် မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်း ရမည်၊

(ခ) ဥပဒေပုဒ်မ ၁၆-ခအရ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန် ပေးဆောင် စေခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ သတ်မှတ်ထားခြင်းရှိပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အခွန်ထမ်းအား ကြိုတင်ခွန် ပေးဆောင်စေရန် ဆောင်ရွက်ရမည်။

---

[*] ၂၀၁၅ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၉ အရ အစားထိုးသည်။

[**] နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆အရ အမည်ပြောင်းသည်။

[***] ၂၀၁၆ ခုနှစ် ဝင်ငွေခွန် စည်းမျဉ်းများကိုဒုတိယအကြိမ် ပြင်ဆင်သည့် စည်းမျဉ်းများ၊ စည်းမျဉ်း၅ အရ အစားထိုးပြင်ဆင်သည်။

# အခန်း ၁၃

## အထွေထွေ

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါပြဋ္ဌာန်းချက်နှင့် စည်းမျဉ်းများပါ သတ်မှတ်ချက်များကို လွယ်ကူစွာလိုက်နာ ဆောင်ရွက်နိုင်ရန် အလို့ငှာပုံစံများကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

၁၆။ ကျသင့်သည့်အခွန်ကို တွက်ချက်သတ်မှတ်ရာတွင် ပြား ၅၀ အောက် နည်းသော အခွန်ငွေကို ထည့်သွင်း မတွက်ချက်ဘဲ ပြား ၅၀ နှင့် တစ်ကျပ် အကြားရှိ အခွန်ငွေကို တစ်ကျပ်ဟု ထည့်သွင်းတွက်ချက်ရမည်။

၁၇။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ဂင်ငွေခွန် စည်းမျဉ်းများကို ဤစည်းမျဉ်းများဖြင့် ရုပ်သိမ်းလိုက်သည်။

***************************